ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၉)    ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၅ ရက်

## မာတိကာစဉ်


| | | |
|---|---|---|
| ၁။ | မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင်ဖော်ပြလျက်ရှိသော မြန်မာအာကာသအေဂျင်စီ (Myanmar Space Agency- MSA) ဖွဲ့စည်းသည့် အမိန့်နှင့် စပ်လျဉ်း၍ သိကောင်းစရာ။ | ၂-၄ |
| ၂။ | ဒီကရီကျငွေကို ပြင်ပပုဂ္ဂိုလ်က အစားထိုးပေးဆပ်ခြင်းအကြောင်းသိကောင်းစရာ။ | ၅-၆ |
| ၃။ | ကမ္ဘာ့ကုလသမဂ္ဂဆပ်ကော်မတီက ဆားဗီးယားအား ညှင်းပန်းနှိပ်စက်မှုတားဆီးရေး Protocol အား ပိုမိုလိုက်နာရန်တိုက်တွန်းပြောကြားခြင်းနှင့်စပ်လျဉ်း၍ တင်ပြခြင်း။ | ၇-၉ |
| ၄။ | တရားရုံးလုပ်ငန်းများတွင် Artificial Intelligence(AI)အသုံးပြုမှုကို လက်ခံခွင့်ပြုခဲ့သည့်ကယ်လီဖိုးနီးယား။ | ၁၀-၁၂ |

ဥပဒေရေးရာဝန်ကြီးဌာန
အပတ်စဉ်သတင်းလွှာ
အတွဲ(၃) အမှတ် (၁၉) ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၅ ရက်

## မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)တွင် ဖော်ပြလျက်ရှိသော မြန်မာအာကာသအေဂျင်စီ (Myanmar Space Agency- MSA) ဖွဲ့စည်းသည့်အမိန့်နှင့်စပ်လျဉ်း၍ သိကောင်းစရာ

ယခုသီတင်းပတ်အတွင်း ဥပဒေရေးရာဝန်ကြီးဌာနက ဝန်ဆောင်မှုပေးနေသော မြန်မာဥပဒေသတင်းအချက်အလက်စနစ်(MLIS)၌ မြန်မာအာကာသအေဂျင်စီ(Myanmar Space Agency- MSA) ဖွဲ့စည်းခြင်း၊ မြန်မာ့စီးပွားရေးဘဏ်ဒါရိုက်တာအဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်း၊ မြန်မာ့နိုင်ငံခြားကုန်သွယ်မှုဘဏ်ဒါရိုက်တာအဖွဲ့ပြင်ဆင်ဖွဲ့စည်းခြင်း စသည့်အမိန့်ကြော်ငြာစာများနှင့် မြန်မာနိုင်ငံ ကမ်းခြေစောင့်တပ်ဖွဲ့ဥပဒေတို့ကို အများပြည်သူများ လွယ်လင့်တကူကြည့်ရှုနိုင်ရန် ဖော်ပြဝန်ဆောင်မှုပေးထားပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ၂၀၂၅ခုနှစ် ဇွန်လ ၁ရက်နေ့တွင် အမိန့်အမှတ်၃၈/၂၀၂၅ ဖြင့် ထုတ်ပြန်ခဲ့သည့် မြန်မာအာကာသအေဂျင်စီ (Myanmar Space Agency- MSA) ဖွဲ့စည်းသည့် အမိန့်နှင့်စပ်လျဉ်း၍ ဥပဒေဗဟုသုတအဖြစ် ဖော်ပြအပ်ပါသည်။

ဤအမိန့်တွင် မြန်မာအာကာသအေဂျင်စီ (Myanmar Space Agency- MSA) အား ဖွဲ့စည်းတည်ထောင်ရသည့်ရည်ရွယ်ချက်နှင့် မြန်မာအာကာသအေဂျင်စီ (Myanmar Space Agency- MSA) ၏ လုပ်ပိုင်ခွင့်နှင့်လုပ်ငန်းတာဝန်များကို သတ်မှတ်ထုတ်ပြန်ခဲ့ပါသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အာကာသစူးစမ်းလေ့လာမှုနှင့်အသုံးပြုမှုနယ်ပယ်တွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရေး၊ နိုင်ငံတော်၏အမျိုးသားလုံခြုံရေး၊ သဘာဝပတ်ဝန်းကျင်နှင့် သယံဇာတထိန်းသိမ်းစောင့်ရှောက်ရေး၊ စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့် တုံ့ပြန်ရေးအပါအဝင် ပြည်သူလူထု၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် အာကာသနည်းပညာများဖြင့် အထောက်အကူပြုနိုင်ရေး၊ အာကာသသိပ္ပံဆိုင်ရာနည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးဆက်သစ်လူငယ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးတို့ကို နိုင်ငံတော်အကြီးအကဲ၏တိုက်ရိုက်ကွပ်ကဲမှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်

နိုင်ရန်အလို့ငှာ မြန်မာအာကာသအေဂျင်စီ(Myanmar Space Agency-MSA)ကို ဖွဲ့စည်းတည်ထောင်လိုက်ခြင်းဖြစ်ကြောင်း သိရှိရပါသည်။

မြန်မာအာကာသအေဂျင်စီ (Myanmar Space Agency- MSA)၏ လုပ်ပိုင်ခွင့်နှင့်လုပ်ငန်းတာဝန်များမှာ စုစုပေါင်းအချက်(၂၀)ရှိပြီး အာကာသကို ငြိမ်းချမ်းစွာအသုံးချရေး၊ အာကာသစွန့်ပစ်ပစ္စည်းများ ထောက်လှမ်းစောင့်ကြည့်ရေးအပါအဝင် အခြားအာကာသသိပ္ပံနှင့် နည်းပညာဆိုင်ရာအရေးကိစ္စများနှင့်သက်ဆိုင်သည့် နားလည်မှုစာချွန်လွှာ၊သဘောတူညီချက်၊စာချုပ်များနှင့်ပတ်သက်၍ ဆက်သွယ်ဆောင်ရွက်ရေး၊ လက်မှတ်ရေးထိုးရေး၊ စာချုပ်ချုပ်ဆိုနိုင်ရေးကိစ္စရပ်များကို နိုင်ငံတော်၏ တည်ဆဲဥပဒေများနှင့်အညီ အေဂျင်စီအနေဖြင့် လွတ်လပ်စွာ စီမံဆောင်ရွက်ရန်၊ အာကာသသိပ္ပံနှင့် နည်းပညာဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ နိုင်ငံတကာအဖွဲ့အစည်းများ၊ တက္ကသိုလ်များ၊ ကုမ္ပဏီများ၊ လူပုဂ္ဂိုလ်များနှင့် လွတ်လပ်စွာ ပူးပေါင်းဆောင်ရွက်ရန်၊ ကုလသမဂ္ဂရှိ အာကာသကို ငြိမ်းချမ်းစွာအသုံးပြုရေးကော်မတီနှင့် အခြားအလားတူ အာကာသဆိုင်ရာဖိုရမ်များ၊ အစည်းအဝေးများနှင့် အဖွဲ့အစည်းများတွင် မြန်မာနိုင်ငံကိုယ်စားပြု တက်ရောက်ရန်၊ နိုင်ငံတော်၏အမျိုးသားအာကာသရေးရာမူဝါဒများ၊ မဟာဗျူဟာစီမံကိန်းများနှင့် ဥပဒေလုပ်ထုံးလုပ်နည်းများကို အတည်ပြုပြဋ္ဌာန်းပေးနိုင်ရေး ရေးဆွဲတင်ပြရန်နှင့် အကောင်အထည်ဖော်ဆောင်ရန်၊ နိုင်ငံတကာအာကာသလှုပ်ရှားမှုများနှင့်ပတ်သက်၍ နှစ်စဉ်အစီရင်ခံစာများတင်ပြရန်၊ အာကာသသိပ္ပံဆိုင်ရာ နည်းပညာဖွံ့ဖြိုးတိုးတက်ရေးနှင့် မျိုးဆက်သစ်လူငယ်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် ပြည်တွင်းပြည်ပတက္ကသိုလ်များ၊ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ သုတေသနနှင့်ပညာရပ်ဆိုင်ရာအစီအစဉ်များ၊ အရင်းအမြစ်များ ဖန်တီးပေးရန်၊ နိုင်ငံပိုင်နှင့်ပုဂ္ဂလိကပိုင်ဂြိုဟ်တုများလွှတ်တင်ရေး၊ ထိန်းချုပ်ရေး၊ လုပ်ငန်းလည်ပတ်ရေးတို့ကို ကြီးကြပ်ကွပ်ကဲရန်နှင့် ဆက်သွယ်ဆောင်ရွက်ရန်၊ Big Data နှင့် AI နည်းပညာများကို ERS နည်းပညာဖြင့်ပေါင်းစပ်၍ စိုက်ပျိုးရေး၊ သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေးနှင့်တုံ့ပြန်ရေးတို့ကို လျင်မြန်ထိရောက်စွာ ဆောင်ရွက်နိုင်ရေး အထောက်အကူပြုပေးရန်၊ e-Government စနစ် ဖွံ့ဖြိုးတိုးတက်

လာစေရေးအတွက် အာကာသသိပ္ပံနှင့်နည်းပညာများအသုံးပြု၍ အထောက်အကူပြုပေးရန် စသည့် လုပ်ပိုင်ခွင့်နှင့် လုပ်ငန်းတာဝန်များကို ထုတ်ပြန်ထားပါသည်။

သို့ဖြစ်ပါ၍ မြန်မာအာကာသအေဂျင်စီ (Myanmar Space Agency- MSA) ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ အသေးစိတ် လေ့လာသိရှိလိုသူများအနေဖြင့် MLIS Website တွင် အကျယ်တဝင့် ဝင်ရောက်လေ့လာ ကြည့်ရှုနိုင်ပါသည်။

e-Government ဌာနခွဲ

ဝန်ကြီးရုံး

ဥပဒေရေးရာဝန်ကြီးဌာန

ဥပဒေရေးရာဝန်ကြီးဌာန

အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၉) ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၅ ရက်

## ဒီကရီကျငွေကို ပြင်ပပုဂ္ဂိုလ်က အစားထိုးပေးဆပ်ခြင်းအကြောင်း သိကောင်းစရာ

ဘဏ်တွင် အာမခံအဖြစ် ပေးအပ်ထားသည့်အပေါင်ပစ္စည်းများကို တရားရုံး၏ဒီကရီအရ ရောင်းချနေစဉ်ကာလအတွင်း ပြင်ပပုဂ္ဂိုလ်တစ်ဦးဦးကဖြစ်စေ သို့မဟုတ် တစ်ဦးထက်ပိုသောသူများက ဖြစ်စေ အစားထိုးပေးဆပ်ရန် လျှောက်ထားကြသည့်အခါ အစားထိုးပေးဆပ်သူများအနေဖြင့် အချင်းဖြစ် ပစ္စည်းကို ၎င်းတို့ထံလက်ရောက်ပေးအပ်စေရန် ကြိုတင်ပဋိညာဉ်ပြုလုပ်ခြင်းများကို မကြာခဏ ကြုံတွေ့ရသဖြင့် ပြင်ပပုဂ္ဂိုလ်က အစားထိုးပေးဆပ်ခြင်းနှင့်စပ်လျဉ်း၍ သိရှိနိုင်ပါရန် ရေးသားတင်ပြ ခြင်းဖြစ်ပါသည်။

ဘဏ်ပေါင်ပစ္စည်းများကို တရားရုံးက လေလံတင်ရောင်းချသည့်အဆင့်တွင် ပြင်ပပုဂ္ဂိုလ်က ကြားဝင်ပေးဆပ်ခြင်း၊ တစ်နည်းအားဖြင့် အစားထိုးပေးဆပ်ခြင်းကို အမိန့် ၃၄၊ နည်း ဥပဒေ ၅ တွင် ပြဋ္ဌာန်းထားပြီး အစားထိုးပေးဆပ်နိုင်သူများကို ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ ပုဒ်မ ၉၁၊ ၉၂ တို့တွင် ပြဋ္ဌာန်းထားပါသည်။ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ ပုဒ်မ ၉၂ တွင် ပေါင်နှံမှုကို ရွေးနှုတ်ရန် ပေါင်နှံသူအား ငွေထုတ်ပေးသူသည် ပေါင်နှံသူက မှတ်ပုံတင်စာချုပ်ဖြင့် အစားထိုးအခွင့်အရေးပေးရန် သဘောတူ ခဲ့ပါက အပေါင်ခံသူ၏အခွင့်အရေးကိုအစားထိုးရရှိသည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း ပြဋ္ဌာန်းထားရာ ပေါင်နှံသူနှင့်ကြားဝင်ပေးဆပ်သူတို့အကြား ပုဒ်မ ၉၂ နှင့်အညီ မှတ်ပုံတင်စာချုပ်ဖြင့် ပေါင်နှံသူ၏ ရွေးနှုတ်ခွင့်ကို လွှဲအပ်ခွင့်ရှိကြောင်း ပြဋ္ဌာန်းထားပါသည်။

ပဋိညာဉ်ဥပဒေ ပုဒ်မ ၆၉ တွင် တရားဝင်အစားထိုးပေးဆပ်သူအနေဖြင့် ပေးဆပ်လိုက်သည့် ငွေကြေးကို မူလမြီစားထံမှ ပြန်လည်တောင်းခံနိုင်ကြောင်း အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

> "အခြားသူက ဥပဒေအရ ပေးဆပ်ရန်တာဝန်ရှိသော ငွေကိုပေးဆပ်သည့်ကိစ္စတွင် အကျိုးသက်ဆိုင်ခွင့်ရှိသည့်အလျောက် ပေးဆပ်သောသူသည် အခြားသူထံမှ ပြန်လည် ရပိုင်ခွင့်ရှိသည်"

ပဋိညာဉ်ဥပဒေပုဒ်မ ၆၉ သည် တရားရှုံးနှင့်ကြားဝင်ပေးဆပ်သူများကြား နစ်နာမှုမရှိစေရန် သာတူညီမျှအခွင့်အရေးပေးထားခြင်းဖြစ်သဖြင့် အဆိုပါအခွင့်အရေးကိုရရှိရန် ဤပြဋ္ဌာန်းချက်နှင့်

ညီညွတ်ရန်လိုအပ်ပါသည်။ တရားရုံးကပေးဆပ်ရန်ရှိသောငွေသည် တရားဝင်ပေးဆပ်ရန်ရှိသည့်ငွေဖြစ်ရန်လိုအပ်သည်။ ဥပဒေနှင့်မညီညွတ်သည့်ကိစ္စတွင် အစားထိုးပေးဆပ်ခြင်းဖြစ်ပါက ဤပုဒ်မအရ အစားထိုးပေးဆပ်သူအဖြစ် အဆိုပါငွေအား ပြန်လည်တောင်းခံနိုင်မည်မဟုတ်ပေ။

တရားရုံးက ဒီကရီအရ အချင်းဖြစ်ပစ္စည်းအား လေလံတင်ရောင်းချနေသည့်ကာလတွင် မူလပိုင်ရှင်(တရားရုံး)အနေဖြင့် အဆိုပါပစ္စည်းအပေါ် ရွေးနှုတ်ရန်အခွင့်အရေးသာ ကျန်ရှိသည်ဖြစ်ရာ တရားရုံးက အစားထိုးပေးဆပ်သူများအား အဆိုပါရွေးနှုတ်ခွင့်ကိုသာ လွှဲပြောင်းနိုင်မည်ဖြစ်ပြီး အချင်းဖြစ်ပစ္စည်းကို နောင်တစ်ချိန်ရွေးနှုတ်ပြီးသည့်အခါ လက်ရောက်ပေးအပ်မည်ဆိုသည့် ကြိုတင်ပဋိညာဉ်ချုပ်ဆိုနိုင်မည်မဟုတ်ပေ။ အစားထိုးပေးဆပ်သူတို့က ဒီကရီကျငွေကို အဆိုပြုထားသည့်အတိုင်း အပြေအကျေပေးဆပ်ရန်ပျက်ကွက်ပါက တရားရုံးကမူလဒီကရီအတိုင်း ဆက်လက်ဆောင်ရွက်မည်ဖြစ်ပြီး အပြေအကျေပေးဆပ်ပါက တရားရုံးက ဒီကရီအရပြေကျေအောင်ဆောင်ရွက်ပြီးဖြစ်၍ ဇာရီမှုအားပိတ်သိမ်းနိုင်ပါကြောင်း သိရှိရပါသည်။

တရားမဆိုင်ရာအမှုလိုက်ဌာနခွဲ
တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

**ကမ္ဘာ့ကုလသမဂ္ဂဆပ်ကော်မတီက ဆားဗီးယားနိုင်ငံအား ညှင်းပန်းနှိပ်စက်မှုတားဆီးရေး Protocol အပေါ် ပိုမိုလိုက်နာရန် တိုက်တွန်းပြောကြားခြင်းနှင့်စပ်လျဉ်း၍ တင်ပြခြင်း**

ညှင်းပန်းနှိပ်စက်မှုတားဆီးကာကွယ်ရေး Protocol အား ကမ္ဘာ့ကုလသမဂ္ဂဆပ်ကော်မတီ UN Subcommittee on Prevention of Torture (SPT)က ဆားဗီးယားနိုင်ငံအား အကျဉ်းသားများကို ညှဉ်းပန်းမှုနှင့်ရက်စက်စွာဆက်ဆံမှုများမှ ကာကွယ်ရန် ပိုမိုအားထုတ်ရမည်ဟု ပြောကြားခဲ့သည်။

ဆားဗီးယားနိုင်ငံသို့ ရက်သတ္တပတ်အကြာခရီးစဉ်တွင် SPT သည် ထောင်များ၊ ရဲအချုပ်ခန်းများ၊ ထိန်းသိမ်းရေးစင်တာနှင့် သက်ကြီးရွယ်အိုများနှင့်ကလေးသူငယ်များအတွက် စောင့်ရှောက်ရေးဂေဟာသို့ သွားရောက်ခဲ့ပါသည်။ ကိုယ်စားလှယ်အဖွဲ့က ထိန်းသိမ်းခံရသူများနှင့်၄င်းတို့အား ထိန်းသိမ်းထားသည့် သက်ဆိုင်ရာအဆောက်အအုံများတွင် အလုပ်လုပ်နေသောအရာရှိများနှင့် မေးမြန်းမှုများအား ပြုလုပ်ခဲ့ကြပါသည်။ SPT အကြီးအကဲဖြစ်သူ Massimiliano Bagaglini က ချို့ယွင်းချက်၊ အားနည်းချက်များအားဖော်ပြရာတွင် ပြစ်မှုဆိုင်ရာတရားစီရင်ရေးနှင့် လူမှုစောင့်ရှောက်ရေးကဏ္ဍများအား ဦးစားပေးပြောကြားခဲ့ပြီး SPT အနေဖြင့် ကလေးများအပါအဝင် လူပုဂ္ဂိုလ်တစ်ဦးချင်းစီအား ကြာရှည်စွာ အကျဉ်းချထားမှုများလည်း လေ့လာတွေ့ရှိရကြောင်းနှင့် နောက်ဆုံးအနေဖြင့် မသန်စွမ်းသူများအတွက် အဖွဲ့အစည်းများတွင်လည်း ပြဿနာများရှိသည်ကိုတွေ့ရှိရကြောင်း ဖော်ပြခဲ့ပါသည်။

ဆားဗီးယားနိုင်ငံသည် ၂၀၀၆ ခုနှစ်တွင် Optional Protocol to the Convention against Torture and other Cruel, Inhuman or Degrading Treatment of Punishment (OPCAT) ကို အတည်ပြုခဲ့ပါသည်။ OPCAT ၏စည်းမျဉ်းအရ ညှင်းပန်းနှိပ်စက်မှုနှင့် အခြားလူသားချင်းမဆန်သည့် အပြုအမူများအား ကာကွယ်ရန်အတွက် အဖွဲ့ဝင်များက ကိုယ်ပိုင်အဖွဲ့အစည်းများထူထောင်ရမည်ဖြစ်ပါသည်။ အရေးကြီးသည့်အချက်မှာ အဖွဲ့ဝင်နိုင်ငံသည် ၄င်း၏စီရင်ပိုင်ခွင့်ရှိသောနေရာနှင့် လွတ်လပ်မှုဆုံးရှုံးနေသော သို့မဟုတ် လွတ်လပ်မှုဆုံးရှုံးနိုင်သော ပုဂ္ဂိုလ်များအားထိန်းချုပ်ထားသည့် မည်သည့်နေရာကိုမဆို သွားရောက်ကြည့်ရှုခွင့်ပြုရမည်ဖြစ်ပါသည်။ SPT က ဆားဗီးယားနိုင်ငံသို့

သွားရောက်ကြည့်ရှုခြင်းသည် အဖွဲ့ဝင်နိုင်ငံများထံသို့ အကြောင်းမကြားဘဲ ဝင်ရောက်ခဲ့သည့်ဥပမာ ဖြစ်ပါသည်။

OPCAT ၏ တာဝန်ရှိမှုများထဲမှ တစ်ခုအဖြစ် ဆားဗီးယားက နိုင်ငံသားများအားကာကွယ်ရန် အမျိုးသားကာကွယ်ရေးယန္တရား ( Native Preventive Mechanism- NPM) ထူထောင်ခဲ့ပါသည်။ NPMs ၏လုပ်ငန်းများတွင် ပြည်တွင်းစောင့်ကြည့်ရေးအဖွဲ့အစည်းသည် ညှင်းပန်းနှိပ်စက်မှုများအား ကာကွယ်ပေးမှုနှင့်လွတ်လပ်မှုဆုံးရှုံးနေသည့်နေရာများတွင် နေထိုင်သူများ၏အခြေအနေတိုးတက်မှုကို ဆောင်ရွက်နေသည့်နိုင်ငံ့အာဏာပိုင်များအား မှတ်ချက်ပြုနိုင်သည့်အခွင့်အာဏာရှိပါသည်။ ဆားဗီးယား၏ ၂၀၂၃ ခုနှစ် NPMs အစီရင်ခံစာတွင် ရဲဌာနများ၊ အကျဉ်းထောင်များ၊ စိတ်ကျန်းမာရေးဆေးရုံများ နှင့်ဆေးခန်းများအပေါ် မှတ်ချက်များပါဝင်ပါသည်။ ဥပမာအဆိုပါအစီရင်ခံစာများတွင် ဖော်ပြထားသည့်မှတ်ချက်များထဲမှတစ်ခုမှာ ရဲဌာနသည် အကျဉ်းခန်းများတွင် လေနှင့်အလင်းရောင် ကောင်းစွာရရှိရေးဆောင်ရွက်ပေးရမည်ဟု ဖော်ပြထားခြင်းဖြစ်ပါသည်။

OPCAT အား နိုင်ငံပေါင်း ၉၄ နိုင်ငံက အတည်ပြုပြီးဖြစ်ပြီး အဖွဲ့ဝင်နိုင်ငံများသည် SPT က လွတ်လပ်မှုဆုံးရှုံးနေသည့်ပုဂ္ဂိုလ်များရှိသည့် နေရာများအားလုံးသို့ အကြောင်းမကြားဘဲ လျှို့ဝှက်စွာ ဝင်ရောက်ခွင့်ပြုရမည်ဖြစ်ပါသည်။

OPCAT ၏ ရည်မှန်းချက်များနှင့်အစီအမံများသည် ပိုမိုမျှတသော၊ ထိခိုက်လွယ်သူများအပေါ် လူသားဆန်စွာဆက်ဆံမှုဆီသို့ ဦးတည်သွားနိုင်ရန် မျှော်လင့်သော်လည်း နိုင်ငံတကာဥပဒေကို ချိုးဖောက်မှုအတွက် နိုင်ငံတကာပိတ်ဆို့အရေးယူမှုများသည် မကြာခဏဆိုသလို ထိရောက်မှုမရှိသလို အမည်ခံရုံမျှသာဖြစ်ကြောင်း ဝေဖန်သူများက အလေးပေးဖော်ပြကြသည်။ နိုင်ငံတကာဥပဒေကို ချိုးဖောက်သူများကို တရားဝင်စစ်ဆေးဖို့လိုအပ်သည့် နိုင်ငံတကာခုံရုံးများထူထောင်ရန်မှာ ခက်ခဲပြီး ငွေကြေးကုန်ကျမှုများပါသည်။ နိုင်ငံများသည်လည်း ဤခုံရုံးများ၏စီရင်ပိုင်ခွင့်ကို သဘောတူညီရမည် ဖြစ်ပါသည်။

SPT သည် OPCAT နှင့် အညီလိုက်နာနိုင်ရန် ၎င်း၏လေ့လာတွေ့ရှိချက်များ၊ အကြံပြုချက်များနှင့်အတူ ဆားဗီးယားအစိုးရထံ လျှို့ဝှက်အစီရင်ခံစာကို တင်သွင်းမည်ဖြစ်ပါသည်။ နိုင်ငံများကလည်း အဆိုပါအစီရင်ခံစာအား အများပြည်သူသိရှိအောင်ပြုလုပ်ရန် တိုက်တွန်းခဲ့ကြကြောင်း သိရှိရပါသည်။

စီးပွားရေးစာချုပ်စာတမ်းများဌာနခွဲ
ဥပဒေအကြံဥာဏ်ပေးရေးဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

http://www.jurist.org/news/2025/06/un-subcommittee-says-serbia-must-take-more-action-to-comply-with-anti-torture-protocol/

## တရားရုံးလုပ်ငန်းများတွင် Artificial Intelligence (AI) အသုံးပြုမှုကို လက်ခံခွင့်ပြုခဲ့သည့် ကယ်လီဖိုးနီးယား

ကယ်လီဖိုးနီးယားပြည်နယ်၊ တရားစီရင်ရေးကောင်စီသည် ပြည်နယ်အတွင်းရှိတရားရုံးများ၏ လုပ်ငန်းဆောင်ရွက်ချက်များတွင် Generative AI (ဖန်တီးနိုင်သော AI) အသုံးပြုမှုများနှင့်စပ်လျဉ်း၍ တရားရုံးဝန်ထမ်းများနှင့် တရားသူကြီးများလိုက်နာရမည့်စည်းမျဉ်းတစ်ရပ်နှင့် စံသတ်မှတ်ချက်တစ်ရပ်ကို ၁၈-၇-၂၀၂၄ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။

Generative AI (ဖန်တီးနိုင်သော AI) ဆိုသည်မှာ ကဗျာရေးသားခြင်း၊ ဆောင်းပါးများနှင့် ဥပဒေဆိုင်ရာအချက်အလက်များမေးမြန်းခြင်းအစရှိသည့် လူသားများ သိရှိဆောင်ရွက်လိုသော အကြောင်းအရာများကို ဖြေကြားဆောင်ရွက်ပေးနိုင်သည့် နည်းပညာတစ်ခုဖြစ်ပါသည်။ Generative AI(ဖန်တီးနိုင်သော AI) နည်းပညာသည် တရားစီရင်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ အမှုစစ်ဆေးကြားနာမှုများကို မှတ်တမ်းတင်ခြင်း၊ ဘာသာပြန်ဆိုပေးခြင်း၊ ဥပဒေပြဿနာများကို ဖြေဆိုပေးခြင်း၊ ဥပဒေဆိုင်ရာသုတေသနပြုခြင်း၊ စီရင်ချက်များရေးသားရာတွင်ကူညီခြင်း အစရှိသည်တို့တွင် အသုံးပြုနိုင်သည့်နည်းပညာတစ်ရပ်ဖြစ်ပါသည်။

ထိုနည်းပညာကို ကယ်လီဖိုးနီးယားပြည်နယ်ရှိ တရားရုံးများအနေဖြင့်တရားစီရင်ဆုံးဖြတ်ရာတွင် အသုံးပြုပါက ထုတ်ပြန်ထားသည့်စည်းမျဉ်းကို လိုက်နာရမည်ဖြစ်ပြီး တရားစီရင်ဆုံးဖြတ်ခြင်း မဟုတ်သည့်ဆောင်ရွက်ချက်တွင် အသုံးပြုပါက စံသတ်မှတ်ချက်ကို လိုက်နာရမည်ဖြစ်ပါသည်။ စည်းမျဉ်းနှင့်စံသတ်မှတ်ချက်များသည် အနည်းငယ်သာကွာခြားမှုရှိပြီး တူညီသည့်အချက်များအနေဖြင့်-

- Generative AI အသုံးပြုသူများသည် အများပြည်သူကို ထုတ်ပြန်အသိပေးထားခြင်း မရှိသည့် အချက်အလက်များနှင့် ယာဉ်မောင်းလိုင်စင်နံပါတ်၊ မွေးနေ့ကဲ့သို့သောပုဂ္ဂိုလ်ဆိုင်ရာအချက်အလက်များကို Generative AI စနစ်သို့ ထည့်သွင်းခြင်းမပြုရန်၊
- ဘက်လိုက်မှုနှင့် လူမျိုးရေးခွဲခြားမှုတို့ကိုဖြစ်စေနိုင်သောအခြေအနေတွင် ယင်းနည်းပညာကို အသုံးမပြုရန်၊

- Generative AI မှ ထုတ်ပေးသည့်အချက်အလက်များကို ပြန်လည်သုံးသပ်ခြင်း၊ အမှား ပြင်ဆင်ခြင်းများဆောင်ရွက်ရန်နှင့်
- ရေးသားထားသောစာရွက်စာတမ်းများ၊ အသံဖိုင်များတွင် Generative AI နည်းပညာကို အသုံးပြုထားပါက ယင်းသို့အသုံးပြုထားကြောင်းဖော်ပြပါရှိရန် စသည့်အချက်များပါဝင်ကြောင်း သိရှိရပါသည်။

အဆိုပါစည်းမျဉ်းနှင့် စံသတ်မှတ်ချက်တို့သည် ၂၀၂၅ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့တွင် အာဏာသက်ရောက်မည်ဖြစ်ပြီး Generative AI အသုံးပြုခြင်းကို တားမြစ်ခြင်းမရှိသည့် တရားရုံးများ အနေဖြင့် Generative AI အသုံးပြုခြင်းမူဝါဒကို ဒီဇင်ဘာလ ၁၅ ရက်နေ့ နောက်ဆုံးထား၍ ချမှတ်ရမည်ဖြစ်ကြောင်း ကယ်လီဖိုးနီးယားပြည်နယ်၊ တရားစီရင်ရေးကောင်စီသို့တင်သွင်းသည့် အစီရင်ခံစာအရ တွေ့ရှိရပါသည်။

ကယ်လီဖိုးနီးယားပြည်နယ်ကဲ့သို့ပင် အခြားသောပြည်နယ်များဖြစ်သည့် အီလီနွိုက်၊ ဒီလာဝဲ နှင့် အရီဇိုးနားပြည်နယ်များကလည်း Generative AI အသုံးပြုမှုဆိုင်ရာ စည်းမျဉ်းများနှင့် မူဝါဒများကို ချမှတ်ပြီးဖြစ်ပြီး ကယ်လီဖိုးနီးယားပြည်နယ်သည် အမေရိကန်နိုင်ငံတွင် Generative AI အသုံးပြုမှုကို လက်ခံသည့် အကြီးဆုံးပြည်နယ်တစ်ခုဖြစ်လာပါသည်။

နယူးယော့ခ်၊ ဂျော်ဂျီယာ၊ ကွန်နက်တီကက်ပြည်နယ်များကလည်း ၎င်းတို့ပြည်နယ်ရှိ တရားရုံးစနစ်များတွင် Generative AI ကို အသုံးပြုရန်သင့်၊ မသင့် စဉ်းစားသုံးသပ်လျက်ရှိကြောင်း သိရှိရပါသည်။

တရားစွဲနှင့်အမှုလိုက်ဦးစီးဌာန
ဥပဒေရေးရာဝန်ကြီးဌာန

ကိုးကားချက်

- https://www.courthousenews.com/california-courts-approve-new-rules-for-use-of-artificial-intelligence/
- https://www.reuters.com/legal/government/california-court-system-adopts-rule-ai-use-2025-07-18/#:~:text=July%2018%20(Reuters)%20%2D%20California,by%20judges%20and%20court%20employees.
- https://www.clio.com/resources/ai-for-lawyers/ai-in-courtrooms/
- https://jcc.legistar.com/gateway.aspx?m=l&id=3564

# ဥပဒေရေးရာဝန်ကြီးဌာန

## အပတ်စဉ်သတင်းလွှာ

အတွဲ(၃) အမှတ် (၁၉) ၂၀၂၅ ခုနှစ် ဇူလိုင်လ ၂၅ ရက်


**ဥပဒေရေးရာဝန်ကြီးဌာန၊ အပတ်စဉ်သတင်းလွှာအား ဥပဒေရေးရာဝန်ကြီးဌာန website တွင် အောက်ပါအတိုင်း ဝင်ရောက်ဖတ်ရှုနိုင်ပါသည်။**

